# ရေပူကြီး ကျေးရွာ

# ကော့ကရိတ်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရေပူကြီး ကျေးရွာ၊ ကော့ကရိတ်မြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


**မာတိကာ** ၁

**စကားချီး** ၅

**ရေပူကြီး ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကော့ကရိတ်မြို့နယ်** ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** ၈

**(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု** ၈
- (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
- (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၁၀
- (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
- (ခ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ** ၁၀
- (က) လူဦးရေဆိုင်ရာ အချက်လက်များ
- (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
- (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
- (ဃ) ကျန်းမာရေး နှင့် အာဟာရ
- (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
- (စ) ကျားမဆိုင်ရာဆက်နွယ်မှု

**(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ** ၁၃
- (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
- (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
- (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
- (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
- (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
- (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
- (ဆ) လူငယ်နှင့် ယဉ်ကျေးမှု
- (ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
- (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၁၇
- (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
- (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ** ၁၈

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၀

(၈) ဦးစားပေးစီမံချက်များနှင့်၄ အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၁
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၈
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၂
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဉစ္စာဓနအဆင့်အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေရရှိမှု
ဇယား ၃၄ သန့်ရှင်းရေးအခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှုအခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မူခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၆

ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၆၉
ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

**ကိုးကားစာရင်း** ၇၃

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၇၄
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင် ဆွေးနွေး ညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊

ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်းဆောင် ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

ဒီဇင်ဘာ၊ ၂၀၁၅

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ရေပူကြီးကျေးရွာ
ကော့ကရိတ်မြို့နယ်

# ရေပူကြီး ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကော့ကရိတ်မြို့နယ်



## အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

## (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာ တွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှလိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန် သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

### (ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင် ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော် တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော် တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေ ကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက် မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ် မှုများ ပြုလာနိုင်ပါမည်။

## (ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွနိုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံ ကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာ တွင်ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွနိုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်း

အနီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုး ဖြစ်ပါသည်။

## (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

## (က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ကော့ကရိတ်မှ အနောက်ဘက် (၁၈)ကီလိုမီတာခန့်အကွာ၊ ကော့ကရိတ် – ဘားအံကားလမ်းမှ အနောက်တောင်ဘက်သို့ လမ်းခွဲသည့် မြေသားလမ်းပေါ်တွင် တည်ရှိသည်။ ကျေးရွာ၏အရှေ့ဘက်နှင့်မြောက်ဘက်ခြမ်းတွင် မီးလောင်ချောင်းသည် အရှေ့မှအနောက်သို့ စီးဆင်းနေသည်။ ကျေးရွာ၏ အရှေ့ဘက်ပိုင်းတွင် တောင်ကုန်းများရှိပြီး ပထဝီအနေအထားဖြင့် ကျေးရွာမှာ မြေပြန့်ပိုင်းတွင် တည်ရှိနေသော်လည်း မြေနိမ့်၊ မြေမြင့်တို့လည်းရှိသည့် ကျေးရွာတစ်ရွာဖြစ်သည်။ စိုက်ပျိုးရေးလုပ်ရာတွင် မြေနိမ့်၊ မြေပြန့်၊ မြေမြင့်အလိုက် စိုက်ပျိုးချိန်ကို ပြောင်းလဲ စိုက်ပျိုးကြရသည်။ ကျေးရွာတွင် အဓိကသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြစ်ကြပြီး ထိုင်းနိုင်ငံသို့ သွားရောက်အလုပ် လုပ်ကိုင်ကြသည့် လုပ်အားဖြင့်လည်း ဝင်ငွေရှာဖွေကြသည်။ ကျေးရွာသည် ထိုင်းနိုင်ငံနယ်စပ်နှင့် နီးစပ်သဖြင့် အရွယ်ရောက်ပြီး အလုပ်လုပ်လိုသည့် ကျေးရွာသူ/ရွာသားများအတွက် ထိုင်းနိုင်ငံသို့ သွားရောက် အလုပ်လုပ်နိုင်သည့် အခွင့်အလမ်းပိုများသည်။ မိုးရွာသွန်းမှုမှာ တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မ(၁၅၀)ဝန်းကျင်ရှိပြီးဆားငန်ရေဝင်ရောက်မှုမှ ကင်းလွတ်သည်။

## (ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေနိမ့်၊ မြေပြန့်နှင့် မြေမြင့်တို့ ရောလျက်ရှိသည့် ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ သောက်သုံးရေအတွက် မြေအောက်ရေရရှိအသုံးပြုမှုရှိသည်။ လယ်ယာမြေအဖြစ် (၅၉၁)ဧကနှင့် ရာဘာ စိုက်ခင်း(၅၁၇)ဧကတို့ကို စိုက်ပျိုးထားရှိကြပြီး ယင်းတို့မှာလည်း ကျေးရွာအတွက် သက်မွေးဝမ်းကျောင်းဆိုင်ရာ အရင်းအမြစ်ပင်ဖြစ်သည်။ တောတောင်အချို့ရှိသည့်အလျောက် ထိုနေရာများတွင် ပေါက်ရောက်နေသည့် မြက်များကို ဆိတ်နှင့်နွားမွေးမြူရေးလုပ်ကိုင်နိုင်ရန် သဘာဝအရင်း အမြစ်အဖြစ်လည်း အသုံးပြုနိုင်သည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

## (က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် အလုပ်လုပ်နိုင်သည့် လူဦးရေမှာ ၇၆%ရှိပြီး အရေအတွက်မြင့်မားသည့် လူသားအရင်းအမြစ်ကောင်းတစ်ခုဖြစ်ကာ လူငယ်လူရွယ်များကို သက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများတက်ရောက်၊ ကျွမ်းကျင်မှုရရှိစေခြင်းဖြင့် ဒေသနှင့် အနီးအနားရှိဈေးကွက်များတွင် ပါဝင်စေနိုင်မည်။ တစ်အိမ်ထောင် ပျမ်းမျှလူဦးရေမှာ (၅.၅)ဦးရှိပြီး နိုင်ငံတော်၏ ကျေးလက်အိမ်ထောင်စု ပျမ်းမျှ ကိန်းဂဏန်းဖြစ်သော (၅)ဦးထက် ပိုများသည်။ ကျေးရွာတွင် နေထိုင်သူများသည် ကရင်လူမျိုးများဖြစ်ကြပါသည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် ထိုင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်ခြင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းမှဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ ယေဘုယျအားဖြင့် အသင့်အတင့် ရှိသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၂၂%ကိုဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုအဆင့်၊ ၇၈%သည် ချမ်းသာသည့်အဆင့်နှင့် အလယ်အလတ် အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေ၊ လယ်ယာသုံးကရိယာပိုင်ဆိုင်မှုနှင့် လက်လှမ်းမှီမှုတို့ရှိကြသည်။ ကျေးရွာမှ အိမ်ထောင်စုအများစုတွင် အလုပ်လုပ်နိုင်သောအရွယ်ရှိသူ ကျား၊မတို့သည်လည်း ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကြရာမှလည်း ကျေးရွာရှိမိသားစုများသို့ ငွေများပြန်လည်ပေးပို့မှုများလည်း ရှိကြသည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု အရေအတွက် (၇၁%)ထိရှိကာ အများစုမှာဆင်းရဲ၊ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများဖြစ်ကြသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီ၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းများ၊ ဆန်ကြိတ်စက်၊ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများနှင့် ထိုင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်ကြခြင်းတို့မှ အလုပ်အကိုင်ရှာဖွေရရှိနိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀%ဖြစ်သောအိမ်ထောင်စု(၃၃)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ ၆%မှာ သူတပါးထံမှ ချေးငှါးပြီးမှ နပ်မှန်စားသုံးနိုင်ကြောင်း၊ ၄၂%မှာ သူတပါးထံမှ မချေးမငှါးပဲ သုံးလခန့်စားသုံးနိုင်ကြကြောင်း၊ ၄၂%မှာ ၃ လမှ ၅ လခန့်၊ ၁၀%မှာ ၆ လမှ ၁၂ လခန့် သူတပါးထံမှ ချေးငှါးစရာမလိုပဲ နပ်မှန်စားသုံးနိုင်ကြကြောင်း တွေ့ရှိရသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သောအိမ်ထောင်စုအားလုံး၏ ၉၀% သည် အကြွေးငွေ ၅၀၀၀၀/−ကျပ်မှ နှစ်သန်းကျပ်အထက်ထိ တင်ရှိနေကြသည်။

အိမ်ထောင်စုအားလုံး၏ ၃%ခန့်သည် အမျိုးသမီးဦးဆောင်အိမ်ထောင်စုများ ဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာ ဆင်းရဲကာ မိသားစုဦးရေများပြားကြသည်။ အလားတူ အိမ်ထောင်ဦးစီးက ရွာပြင်ပတွင် သွားရောက်အလုပ်လုပ်နေကြသော အိမ်ထောင်စု(၇)စုနှင့် မုဆိုးဖို၊တစ်ခုလပ် ဦးဆောင်သည့် အိမ်ထောင်စု (၆)စုသည် ဆင်းရဲသည့် ထိခိုက်လွယ်သောအိမ်ထောင်စုများ ဖြစ်ကြသည်။

အခြားထိခိုက်လွယ်သောအိမ်ထောင်စုများမှာ မသန်စွမ်း (၁) ဦးနှင့် မိသားစုစောင့်ရှောက်မှုနည်းသူများဖြစ်သည့် သက်ကြီးရွယ်အို (၂၂)ဦးတို့ဖြစ်ကြသည်။ ရွာပြင်ပသို့သွားရောက်ပြီး ဝင်ငွေရရှိရေးအတွက် အလုပ်သွားရောက် လုပ်ကိုင်ကြသည့် လူငယ်လူရွယ်များသည် လိင်မှတဆင့်ကူးစက်တတ်သည့် ရောဂါများ၊ အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ် ရှိတတ်ကြသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ ရာသီတုတ်ကွေးနှင့် သွေးလွန် တုပ်ကွေးရောဂါမှာ ယခုနှစ်ပိုင်းတွင် ပိုမိုဖြစ်ပွါးမှုရှိကြောင်း တွေ့ရသည်။ အမျိုးသမီး၊ လူငယ် လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များ အသင့်အတင့်ရှိကြသည်။

ကျေးရွာတွင် ရေတွင်း(၈၈)တွင်း၊ ရေတုံကင် (၁)ခုရှိပြီး နွေရာသီတွင် ရေလုံလောက်မှု မရှိပါ။ သန့်ရှင်းရေးအပိုင်းတွင် ငွေကြေးအဆင်ပြေသောအိမ်ထောင်စုအချို့မှာ အိမ်သာကျင်းကို အုတ်နှင့်ပြုလုပ်ထားကြပြီး သာမန်အိမ်ထောင်စုများတွင် ဝါးယိုင်ပတ်ခွေကိုအသုံးပြုပြီး ဆောက်လုပ်ထားကြပါသည်။ ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲမှုမှာ ၄၁%သာ ရှိသဖြင့် သုံးစွဲမှုနိမ့်ကျနေဆဲဖြစ်ပြီး ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်ပွါးမှုလည်း အခါအားလျော်စွာ ရှိနေပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ဆယ်တန်းအောင် ကျား (၄၃)ဦး၊ မ(၅၅)ဦး၊ ပေါင်း (၉၈)ဦးဖြင့် တစ်ရွာလုံး၏(၄.၄%)နှင့် ဘွဲ့ရကျား(၁၂)ဦး၊ မ(၃၁)ဦး ပေါင်း (၂၈)ဦးဖြင့် တစ်ရွာလုံး၏ (၁.၄%)တို့ရှိကြသဖြင့် အဆင့်မြင့်ပညာတတ်မြောက်မှု အသင့်အတင့်မြင့်မားသည်။ တစ်ရွာလုံး စာတတ်မြောက်မှု ၉၅%ရှိသဖြင့် ရေးတတ်ဖတ်တတ်သူအရေအတွက်လည်း မြင့်မားသည်။ လက်ရှိတွင် ကျေးရွာသားများ၏ သက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲ ဖြစ်သည်။ ထိုင်းနိုင်ငံတွင် သွားရောက်လုပ်ကိုင်ကာ ဝင်ငွေရှာဖွေနိုင်သည့် အခွင့်အလမ်း လွယ်ကူသဖြင့် လူငယ်လူရွယ်များအတွက် သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများကို တိုးတက်ရရှိအောင် ဆောင်ရွက်ပေးနိုင်ပါက ထိုက်သင့်သောအလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေတိုးတက်ရရှိစေနိုင်ပါမည်။

## (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျားမဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေး အရေအတွက်ထက် မဆိုစလောက်နည်းနေသော်လည်း အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်

ပညာအဆင့်တို့တွင် မအရေအတွက်မှာ ကျားအရေအတွက်ထက် ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသား များထက် လုပ်အားခလျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင်မူ အမျိုးသမီး ပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသည်။ ကျားမတန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၇)ဖွဲ့နှင့် ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၁)ဖွဲ့ တို့ရှိသည်။ ယင်းအဖွဲ့များအနက် ပြင်ပမှဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည့် အမျိုးသမီးရေးရာ အဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှာ လှုပ်ရှားဆောင်ရွက်မှု အားနည်းသည်။ ကျေးရွာရှိ လူမှုရေးအဖွဲ့နှင့် မူကြိုကျောင်းကော်မတီတို့မှာ အသင်းအဖွဲ့အလိုက် ဆောင်ရွက်နိုင်မှု အားကောင်းကြသည်။ ယေဘုယျအားဖြင့် ရွာထဲရှိအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပါတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးကိုအဓိကထားစိုက်ပျိုးကြသည်။ မိုစပါးစိုက်ဧက(၅၉၁)ရှိပြီး ရာဘာစိုက်ဧက (၅၁၇)ရှိသည်။ စပါးမှာ ရွှေဝါထွန်း၊ မနောသုခ၊ မနောပျက်တို့ကို မိုးစပါး အဖြစ်စိုက်ပျိုးကြပြီး မြေဩဇာမှာ သာမန်မျှသာကောင်းသဖြင့် စပါးအထွက်မှာ တစ်ဧကလျှင်နှစ်စဉ် ပျမ်းမျှတင်း(၄၀) ဝန်းကျင် ထွက်ရှိပါသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမား မလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှါးရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားရသည်။ တချို့တောင်သူများမှာ အလုပ်သမား ရှားပါးမှုနှင့် ကုန်ကျစရိတ် မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် ကြဲပက်စနစ်ကို သုံးကြသည်။ ကျေးရွာတွင် ရာဘာစိုက်ခင်းများရှိသော်လည်း ရာဘာကုန်ကြမ်းဈေးနှုန်းမှာ တစ်ပေါင်လျှင် ၈၀ဝိ/ကျပ် ဝန်းကျင်သာရရှိပြီး ထုတ်လုပ်သူများတွက်ခြေမကိုက်သဖြင့် စိုက်ခင်းဧက (၅၁၇) ဧကအနက် ဧက (၅၀)ခန့်ကိုသာ ရာဘာစေးခြစ်ထုတ်လုပ်ကြသည်။

ဤကျေးရွာတွင် ဝက်မွေးသည့်အိမ်ထောင်စုပေါင်း (၂၅%)၊ ကြက်မွေးသည့် အိမ်ထောင်စုပေါင်း (၈၁%) မွေးမြူကြသဖြင့် မွေးမြူမှုနှုန်းအသင့်အတင့်မြင့်မားသည်။ တစ်နိုင်တစ်ပိုင် ကြက်

မွေးမြူရေး လုပ်ငန်းရှင်သန်ဖွံ့ဖြိုးအောင် ဂရုတစိုက်ဆောင်ရွက်ကြခြင်းဖြင့် မိသားစုဝင်ငွေ တိုးပွါးရေး၊ ဝမ်းစာဖူလုံရေး၊ အာဟာရ ပြည့်ဝရေးတို့အတွက် အလားအလာကောင်းပါသည်။ ဆိတ်များမွေးမြူရန် သင့်တင့်သောမြေနေရာများရှိနေပြီး အတော်အသင့် ဖြစ်ထွန်းမှုရှိသည်။ အိမ်ထောင်စု (၂၅)စုက ဆိတ်ကောင်ရေ (၁၅၉)ကောင် မွေးမြူထားရှိပြီး မိသားစုဝင်ငွေတိုးပွါးရေး၊ ဝမ်းစာ ဖူလုံရေးတို့အတွက် တိုးတက်မွေးမြူရန် အားပေးအားမြှောက်ပြုသင့်သည်။ ရာဘာစိုက်ခင်းများတွင်လည်း ဆိတ်မွေးမြူရေးကို ပူးတွဲလုပ်ဆောင်နိုင်သည်။ မွေးမြူရေးနည်းပညာနှင့် ဝန်ဆောင်မှုများ တိုးမြင့်ရရှိရေးတို့ကိုလည်း ဆောင်ရွက်သင့်ပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

အလုပ်ပုံမှန်ရရှိနိုင်မည့် ထုတ်ကုန်လုပ်ငန်းများ ကျေးရွာတွင် မရှိပါ။ လေ့လာသင်ယူစရာနေရာများ မရှိသလောက် နည်းပါသည်။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ အပ်ချုပ်၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုး၊ အစိုးရဝန်ထမ်းလုပ်ငန်းတို့ ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။ နေ့တွက်အလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ် ဖြစ်သည်။မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျှော့စသည်တို့သည် သက်မွေး ဝမ်းကျောင်းသင်တန်းများဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာ အရည်အချင်းပိုင်းတွင်လည်း အနည်းငယ် နိမ့်ကျကြပြီး သင်တန်းစရိတ် အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။ ငွေကြေးအဆင်ပြေသောအိမ်ထောင်စုအချို့သာ အပ်ချုပ်၊ စက်ပြင်စသော သင်တန်းများသို့ အခကြေးငွေအကုန်အကျခံကာ ပို့လွှတ်သင်ကြားကြသည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် စပါးစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုမြေသြဇာသုံးစွဲမှုများရှိသဖြင့်မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှု များပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလစတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများ မြင့်တင် ဆောင်ရွက်ပေးသင့်သည်။ ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့်လည်း မုန်တိုင်းဘေးအန္တရာယ်တို့ နည်းပါးသည်။

အားပျော့သော မုန်တိုင်းဝင်ရောက်မှုသာ တခါတရံ ကြုံတွေ့ရတတ်သည်။ အခါအားလျော်စွာ ကျရောက်တတ်သော မိုးခေါင်ခြင်းက သဘာဝအန္တရာယ်တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်ပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်နှစ်အတိုးနှုန်း ၅ကျပ်တိုး၊ တစ်ဧက တစ်သိန်းကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ သို့သော် ပုံစံ(၇)မတင်ပြနိုင်သောတောင်သူများအနေဖြင့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေကို ချေးယူခွင့်မရဖြစ်တတ်သည်။ တချို့အိမ်ထောင်စုများမှာ ရွာထဲမှ ငွေတိုးချေးစားသူများထံမှ တစ်နှစ်အတိုးနှုန်း ၆၀%ဖြင့်လည်းကောင်း၊ မိတ်ဆွေ၊ မိသားစုဝင် များထံမှ တစ်နှစ်အတိုးနှုန်း ၄၈% ခန့်ဖြင့်လည်းကောင်း ချေးယူနိုင်ကြသေးသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး)တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက် အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းဆောင် (၃)ဆောင်၊ အလယ်တန်းကျောင်းဆောင် (၁)ဆောင်တို့ရှိသည်။ အဆိုပါကျောင်းဆောင်များအနက် မူလတန်းကျောင်းဆောင် (၁)ဆောင်ကို နိုင်ငံတော်မှ ပံ့ပိုးဆောက်လုပ်ခဲ့ပြီး ကျန်ကျောင်းဆောင်များကို ကျေးရွာထည့်ဝင်မှုဖြင့် ဆောက်လုပ်ခဲ့ကြသဖြင့် ကျေးရွာ၏ ပညာရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများအပေါ်စိတ်ဝင်စားမှုနှင့် ထည့်ဝင်မှုမြင့်မားသည့် အခြေအနေတွင်ရှိသည်။ ကျောင်းတွင် တပည့်ဆရာအချိုးသည် မူလတန်းကျောင်းတွင် ၂၇ နှင့် အလယ်တန်းကျောင်းတွင် ၁၅ ရှိသဖြင့် ကျောင်းဆရာ/မ အင်အား လုံလောက်မှုရှိသည်။ မူလတန်းကျောင်းသားများအတွက် ကျောင်းဖွင့်ရာသီတွင် ကျောင်းသားများအား ပုံနှိပ်စာအုပ်နှင့် ကျောင်းသုံးဗလာစာအုပ်များကို အခမဲ့ဖြန့်ဖြူးပေးခဲ့ပါသည်။ စာသင်ကျောင်းများသည် ကျေးရွာထဲတွင်ရှိပြီး ကျောင်းသူ/သားများ ခြေလျင်၊ စက်ဘီးတို့ဖြင့် ကျောင်းတက်ကြသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပဲ ရွာမှ ၂.၄ ကီလိုမီတာဝေးသော ငါးတိုင်ရှိ ကျေးလက်ကျန်းမာရေးဌာနခွဲမှ ကျန်းမာရေး ဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။ ဆေးကုသမှုအတွက် လိုအပ်ပါက ကျုံဒိုးဆေးရုံ၊ ကော့ကရိတ်နှင့် ဘားအံဆေးရုံများသို့ သွားရောက်ပြီး ကုသမှု ခံယူနိုင်ကြပါသည်။ ဆေးဆိုင်အချို့တွင် ဆေးမျိုးစုံ လုံလောက်စွာရှိပြီး အအေးခန်းစနစ်ကို အသုံးပြုပြီး ဆေးများကို သိုလှောင်ထားရှိမှု အားနည်းပါ သည်။

ကျေးရွာသားများအတွက် သောက်ရေလုံလောက်မှု မရှိပါ။ ရေအရည်အသွေးမှာ သာမန်အားဖြင့် ကောင်းမွန်ပါသည်။ သို့သော် ရေတွင်းများမှ မြေအောက်ရေ၏ အရည်အသွေးကို ဓါတ်ခွဲစစ်ဆေးခြင်းမရှိသေးပါ။ သို့သော် ဤကျေးရွာမှ ရေကိုသောက်သုံးခြင်းဖြင့် ရောဂါဘယဖြစ်ပွါးမှုမျိုး မကြား

သိရသေးပါ။ ရေတွင်းများအနက် နွေရာသီကာလ တပေါင်း၊ တန်ခူး၊ ကဆုန်လများတွင် ရေတွင်းအားလုံး၏ သုံးပုံတစ်ပုံခန့်မှာ ရေခန်းသွားတတ်ပါသည်။ ကျေးရွာရှိ အိမ်ထောင်စုများအနေဖြင့် ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲမှုမှာ ၄၁%သာ ရှိသဖြင့် သုံးစွဲမှု နိမ့်ကျနေဆဲဖြစ်ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွါးမှုလည်း အခါအားလျော်စွာ ရှိနေပါသည်။ ကျေးရွာလူထုသည် တယ်လီဖုန်း၊ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် ဂျာနယ်များကို အသုံးပြုနိုင်ကြပါသည်။ ကျေးရွာအနီးတဝိုက်တွင် ဖုန်းဆက်သွယ်ရေးမှာ အသင့်အတင့် ကောင်းမွန်ပြီး အင်တာနက်လိုင်းမှာ မြန်နှုန်းနှေးကွေးပါသေးသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

ကျေးရွာတွင် မိန်းကလေးများအပါအဝင် လူငယ်လူရွယ်များသည် ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်သူ များပြားသည့်အလျောက် ဝင်ငွေအတော်အသင့် ရှာဖွေပေးနိုင်ကြပြီး တစ်ရွာလုံးနှင့်ဆိုင်သောကိစ္စရပ်များတွင်လည်း အလှူငွေများထည့်ဝင်ကာ စေတနာထား ဆောင်ရွက်ကြသည်။ နွေရာသီကာလတွင် ရွာပြန်လာတတ်ကြပြီး မိသားစုများ၊ ဆွေမျိုး မိတ်ဆွေများနှင့် နွေးထွေးစွာ တွေ့ဆုံကြကာ လူမှုရေးလုပ်ငန်းများကိုပါ ဝိုင်းဝန်း ဆောင်ရွက်ကြပါသည်။ မိမိရိုးရာဝတ်စုံများကို မြတ်နိုးစွာဝတ်ဆင်လေ့ရှိကြဆဲဖြစ်ပါသည်။

## (ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကော့ကရိတ်နှင့် ဘားအံ့မြို့သို့သွားသော ကားလမ်းမှာ တစ်နှစ်ပတ်လုံး သွားလာနိုင်ပြီး အများအားဖြင့် မော်တော်ဆိုင်ကယ်၊ ကားတို့နှင့် သွားလာကြပါသည်။ ကျေးရွာတွင်းရှိ အိမ်ထောင်စုအချို့မှာ မော်တော်ဆိုင်ကယ်၊ ကားတို့ရှိကြပြီး လမ်းပန်းဆက်သွယ်ရေးမှာ အတော်အသင့် ကောင်းမွန်ပါသည်။ ရွာမှ ကော့ကရိတ်သွားကတ္တရာလမ်းသို့ ချဉ်းကပ်လမ်းကို ကွန်ကရစ်လမ်းခင်းနိုင်ပါက သွားလာနိုင်မှု ပိုမိုအဆင်ပြေသွားပါမည်။ ကျေးရွာတွင် လျှပ်စစ်မီးသွယ်တန်းအသုံးပြုခြင်း မရှိသေးပါ။ လောလောဆယ် ကျေးရွာတွင် ဆိုလာစနစ်အသုံးပြုသည့်အိမ်ထောင်စု (၂၃၉)စု၊ မီးစက်အသုံးပြုသည့်အိမ်ထောင်စု (၃၇)စုတို့ ရှိကြပါသည်။ ရွာသားများ အနေဖြင့် လျှပ်စစ်မီးသွယ်တန်းအသုံးပြုလိုသော်လည်း ပင်မဓါတ်အားလိုင်းနှင့်လည်း ခရီးကွာဝေးနေခြင်းနှင့် ငွေကြေးအင်အားမလိုက်နိုင်ခြင်းကြောင့် သွယ်တန်းအသုံးပြုရန် အလှမ်းဝေးနေပါသေးသည်။ လျှပ်စစ်မီးသွယ်တန်းအသုံးပြုနိုင်ပါက လူနေမှု အဆင့်အတန်း ပိုမိုမြင့်မား လာစေနိုင်ပါမည်။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ဒေသတွင် ရာဇဝတ်မှု ကြီးကြီးမားမားဖြစ်ပွါးခြင်းမရှိပဲ ကျေးရွာလူထုမှာ ဘေးကင်းလုံခြုံကြပါသည်။ အာမခံလုပ်ငန်းများအား လက်လှမ်းမှီ ဆက်သွယ်ဆောင်ရွက်နိုင်သော်လည်း ရွာသားများအနေဖြင့် အာမခံထားရှိမှုများမရှိသလောက်ပင်ဖြစ်သည်။ သဘာဝဘေးအန္တရာယ် လျော့ပါးရေး

အတွက် ကြိုတင်သတိပေးစနစ်နှင့် စီမံခန့်ခွဲရေး ကော်မတီဖွဲ့စည်းထားရှိမှု အားနည်းသည်။ သဘာဝ ဘေးအန္တရာယ်လျော့ပါးရေးနှင့် ပတ်သက်၍ သင်တန်းများထပ်မံရယူရန် လိုအပ်ပါသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ

သဘာဝအရင်းအမြစ်များတွင် မြေဆီအရည်အသွေးသည် အသင့်အတင့်ကောင်းမွန်ပြီး စိုက်ခင်းများမှ စိုက်ပျိုးရေးထွက်ကုန်များကို လွယ်လင့်တကူ သယ်ပို့နိုင်သည်။ မိုးရွာသွန်းမှုလည်း အသင့်အတင့်ကောင်းပြီး စပါးနှင့် အခြားသီးနှံများ စိုက်ပျိုးရန်အတွက် သာမန်အားဖြင့် သင့်လျော်သည်။ တည်နေရာနှင့် ပထဝီဆိုင်ရာအားသာချက်မှာ ကျုံ့ဒိုးနှင့် ကော့ကရိတ်မြို့များသို့ ကားလမ်းဖြင့် အလွယ်တကူ သွားရောက်နိုင်ပြီး ကိစ္စအရပ်ရပ်အတွက် အသုံးချနိုင်သည်။ အလုပ်အကိုင် အခွင့်အလမ်းနှင့် လုပ်အားခပိုမိုကောင်းမွန်သော ထိုင်းနိုင်ငံနှင့် နယ်ချင်းထိကပ်နေသဖြင့် သွား ရောက်လုပ်ကိုင်ရန် လွယ်ကူသည်။ ရပ်ရွာတွင် ကြီးမားသောရာဇဝတ်မှု ဖြစ်ပွါးခြင်းမရှိပါ။ ဒေသတွင်း ရပ်ရွာ တည်ငြိမ် အေးချမ်းမှုတိုးတက်ကောင်းမွန်လာခြင်းကြောင့် ရောင်းရေးဝယ်တာ၊ စီးပွါးရေးလုပ်ငန်းများကို လုံခြုံ စိတ်ချစွာဖြင့် ဆောင်ရွက်နိုင်သည့် အခြေအနေကောင်း ဖြစ်သည်။ လူဦးရေအားဖြင့် ဒေသ စီးပွါးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာတွင် ငယ်ရွယ်သော လုပ်သားအင်အား ရှိသည်။ ထိုအင်အားထုကို စွမ်းရည်မြှင့်သင်တန်းနှင့် သက်မွေးဝမ်းကျောင်းသင်တန်းများပေးခြင်းဖြင့် လူ့အရင်း အမြစ်များ ပိုမိုဖွံ့ဖြိုး လာစေနိုင်ပါမည်။

တစ်အိမ်ထောင် လူဦးရေအရေအတွက်သည် နိုင်ငံတော်အဆင့် သတ်မှတ် ထားသည့် တစ်အိမ်ထောင် လူဦးရေဖြစ်သော ၅ ဦးထက် အနည်းငယ် ပိုများပြီး လူဦးရေ တိုးပွါးလာနိုင်ခြေ ရှိသည်။

ကျားမတန်းတူညီမျှရေးဆိုင်ရာ ကိစ္စများတွင် ကျားမခွဲခြားဆက်ဆံခြင်း လျော့နည်း၍ အမျိုးသမီးများ၏ ဖွံ့ဖြိုးရေးကဏ္ဍတွင် ပါဝင်နိုင်စွမ်းမြင့်မားသည်။ ကျေးရွာသားများသည် ဖုန်း ဆက်သွယ်ရေးကွန်ရက်နှင့် ချိတ်ဆက်နိုင်ပြီး ကျေးရွာထုတ်ကုန်များ၊ သွင်းအားစုများအတွက် ဈေးကွက်သတင်းများကို သိရှိနိုင်ကြသည်။ အလားတူပင် အခြား သိလိုသော သတင်းအချက် အလက်၊ ကိစ္စရပ်များ အတွက်လည်း ဆက်သွယ်အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် မူလတန်းနှင့် အလယ်တန်းကျောင်းခွဲများရှိပြီး ကျောင်းအဆောက်အအုံများမှာ ကောင်းမွန်ကြပါသည်။ သို့သော် အလယ်တန်းကျောင်းတွင် ဘာသာရပ်အလိုက်ကျွမ်းကျင်သော အရည်အသွေးပြည့်ဝသည့်ဆရာ/မများ ဖြည့်စွက်ခန့်ထားနိုင်ပါက အောင်ချက်ရာခိုင်နှုန်းနှင့် ပညာရေး ရလာဒ်ကောင်းများ တိုးတက်လာစေ နိုင်ပါမည်။ ကျေးရွာတွင် တစ်နိုင်တစ်ပိုင် ကြက်မွေးမြူသည့်အိမ်ထောင်စု အရေအတွက်သည် ၈၁%ထိရှိခြင်း၊ ဝက်၊ ဘဲ၊ ဆိတ်၊ နွား စသဖြင့် မွေးမြူထားရှိ ကြခြင်း တို့ကြောင့် ကျေးရွာတွင် မွေးမြူရေးကို စိတ်ဝင်စားမှု မြင့်မားကြောင်းတွေ့ရသည်။ မွေးမြူမှုနည်းစနစ်ကောင်းများပံ့ပိုးခြင်း၊

နည်းပညာဝန်ဆောင်မှုများပံ့ပိုးခြင်း၊ အရင်းအနှီးများပံ့ပိုးခြင်းတို့ဖြင့် မွေးမြူရေးကဏ္ဍကို မြှင့်တင်ပြီး ဝင်ငွေအခွင့်အလမ်းတိုးပွါးလာစေနိုင်ပါမည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှုများ**

ကျေးရွာတွင်းရှိအဖွဲ့အစည်းများသည် ချိတ်ဆက်ဆောင်ရွက်မှု အားနည်းခြင်း၊ အဖွဲ့အစည်း ဖွံ့ဖြိုးရေးဆိုင်ရာ သဘောတရား အသိအမြင်များ အားနည်းခြင်းတို့ရှိကာ လုပ်ငန်းဆိုင်ရာ ရလာဒ်ကောင်းများ ထွက်ရှိရေးတွင် အဟန့်အတားဖြစ်စေပါသည်။ သဘာဝအရင်းအမြစ်တွင် ကျေးရွာတွင် လက်ရှိလယ်ယာမြေအပြင် ထပ်မံပြီး လယ်ယာမြေ ဖော်ထုတ်နိုင်မည့် အရင်းအမြစ်နှင့် အခြေအနေ မပေးတော့ပါ။ မိုးရွာသွန်းမှုမညီမျှမှုကြောင့် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုကို လျော့နည်းစေပါသည်။ ထို့အပြင် မိုးခေါင်မှု တခါတရံကြုံရတတ်ပြီး စိုက်ပျိုးရေးကို ထိခိုက်စေပါသည်။ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ မွေးကုဦးစီးဌာနတို့မှ နည်းပညာ ဝန်ဆောင်မှုပေးနိုင်သော်လည်း ပုံမှန်လာရောက်ပြီး ဝန်ဆောင်မှုပေးခြင်း အားနည်းတတ်သည်။

သက်မွေးဝမ်းကျောင်းပညာရပ်များကျေးရွာအတွင်း ပြန့်ပွါးရေးအတွက် သင်တန်းဖွင့်လှစ်ပေးခြင်းများ အလွန်အားနည်းခြင်းကြောင့် နည်းပညာအခြေခံသည့် အလုပ်အကိုင်ရရှိရေးများ အလှမ်းကွာဝေးသည်။ ချေးငွေအပိုင်းတွင် တောင်သူငယ်အချို့မှာ လယ်ယာမြေအသုံးပြုခွင့်ပုံစံ (ပုံစံ ၇)ကို ထုတ်ယူရရှိရန် အခက်အခဲရှိတတ်ပါသည်။ ထိုပုံစံ (၇) မပါရှိသော တောင်သူများမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေကို ချေးယူရရှိရန် သတ်မှတ်ချက်မပြည့်စုံဟု သတ်မှတ်ခံရသည်။ ကျေးရွာတွင် ချေးငွေလိုအပ်ပါက ငွေတိုးချေးသူများထံမှ အတိုးနှုန်းမြင့်မားစွာ ချေးယူရသည်။ ကျေးရွာတွင် အသေးစားချေးငွေ၊ အသေးစားငွေကြေးလုပ်ငန်းနှင့် အာမခံလုပ်ငန်းများ မရှိပါ။ စီးပွါးရေးဘဏ်များနှင့် ဖွံ့ဖြိုးရေးဘဏ်များမှ ချေးငွေရယူရန်မှာလည်း အပေါင်ပစ္စည်း လိုအပ်မှုသတ်မှတ်ချက်ကို တင်းကျပ်ထားသည်။ ကျေးရွာအရောက် ဆောင်ရွက်ပေးသည့် ဘဏ်ဝန်ဆောင်မှုများ မရှိသေးပါ။ စီးပွါးရေးဘဏ်နှင့် ဖွံ့ဖြိုးရေးဘဏ်များမှ ချေးငွေထုတ်ချေးရန်ပုံစံ၊ စာရွက်စာတမ်းများရေးသွင်းရာတွင် ကျေးရွာသားများအတွက် အခက်အခဲများ ရင်ဆိုင်ရတတ်သည်။ ကျေးရွာတွင်ဆေးပေးခန်းမရှိသဖြင့် အမျိုးသမီးမီးဖွားကိစ္စများနှင့် အခြားကျန်းမာရေးကိစ္စရပ်များအတွက် ငါးတိုင်ကျေးရွာနှင့် ကျုံဒိုးကျေးရွာရှိ ဆေးရုံ၊ ဆေးခန်းများကို အားကိုးနေရသည်။ ကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ဆောင်မှုများကိုလည်း အခါအားလျော်စွာ လာရောက်ဆောင်ရွက်ကြသောကြောင့် ပိုမိုလွတ်လပ်စွာ သီးသန့်ဆောင်ရွက်ပေးနိုင်မည့် အဆောက်အဦတစ်လုံး လိုအပ်နေပါသည်။

**၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေးအနေအထားကို တိုးတက် ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့်ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်း လာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် ကျေးရွာမီးလင်းရေးနှင့် ကျန်းမာရေးအဆင့်အတန်း ကောင်းမွန်လာခြင်းတို့မှတဆင့် လူနေမှုအဆင့်အတန်း မြင့်မားလာရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများထွန်းကားလာရေးအတွက် စိုက်ပျိုးရေးနည်းပညာသင်တန်း၊ မွေးမြူရေးနည်းပညာသင်တန်းများတက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။ ထို့နောက် သင်တန်းတက်ထားသူများက ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့် မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

ခ.၃) ကျေးရွာရှိကလေးငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးရေး၊ စွမ်းဆောင်ရည် မြင့်မားရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြမည်။ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်ကော်မတီတို့ ပူးပေါင်းပြီး ကျေးရွာပညာရေးတိုးတက်လာရေး၊ အဆင့်မြင့်ပညာ သင်ကြားပြီးမြောက်သူ ဦးရေ တိုးတက်လာရေးတို့ အတွက် အားထုတ် ဆောင်ရွက်သွားကြမည်။

ခ.၄) ကျေးရွာပိုင်အဆောက်အဦးများ ပိုမိုကောင်းမွန်လာစေရန်အတွက် လျှပ်စစ်မီးလင်းရေး အတွက်ကြိုးပမ်းခြင်း၊ ကျေးရွာလမ်း အဆင့်မြှင့်တင်ခြင်းတို့အတွက် ဒေသအာဏာပိုင် အဖွဲ့အစည်း များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြမည်။ အိမ်ထောင်စုများပြားသည့် ကျေးရွာဖြစ်သည့် အလျောက် ကျေးရွာကျန်းမာရေးအပိုင်းတွင် ရေကောင်းရေသန့်လုံလောက်စွာသုံးစွဲနိုင်ရေး၊ ယင်လုံ အိမ်သာ စနစ်တကျသုံးစွဲနိုင်ရေးအတွက် တို့ကိုလည်း ဆောင်ရွက်သွားကြမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြု ချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများ အနေဖြင့်နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များ ကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။

### (ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး၊

ကျေးရွာရှိလယ်ယာမြေများသည် မြေဆီသြဇာလျော့နည်းပြီး သီးနှံအထွက်နှုန်း လျော့ကျခြင်း၊ ထုတ်လုပ်မှုစရိတ်မြင့်မားခြင်းတို့ကြောင့် တချို့စိုက်ပျိုးရာသီတွင် ရွာရှိလယ်ယာမြေများအား အပြည့်အဝ မစိုက်ပျိုးကြချေ။ သက်ဆိုင်ရာဦးစီးဌာနနှင့် ဒေသအာဏာပိုင်တို့က စံပြစိုက်ကွက် စိုက်ပျိုးပညာပေးခြင်း၊ သီးထပ်စိုက်ပျိုးပညာပေးခြင်း၊ စိုက်ပျိုးစရိတ်နှင့် လယ်ယာသုံးကရိယာများ ပံ့ပိုးပေးခြင်းများဖြင့် ရွာရှိတောင်သူများကို လယ်ယာမြေများကို အပြည့်အဝစိုက်ပျိုး ထုတ်လုပ် လာရေးအတွက် တိုက်တွန်း အားပေးသင့်ပါသည်။

### (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီး များအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေး လုပ်ငန်း

များအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။ မြို့နယ်သမဝါ ယမဦးစီးဌာန မှလည်း ကျေးရွာသမဝါယမအသင်းများဖွဲ့စည်းပြီး ချေးငွေပိုမိုလိုအပ်သူ အသင်းဝင်များ ချေးငွေပိုမို ရရှိရေး အတွက်လည်း အစီအစဉ်ချ ဆောင်ရွက်သင့်ပါသည်။

### (ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာနှင့် ဒေသအတွင်း ရာဘာစိုက်ခင်းများ အသင့်အတင့် စိုက်ပျိုးထားရှိကြပါသည်။ ယခုနှစ်များတွင် ရာဘာကုန်ကြမ်းဈေးနှုန်းနိမ့်ကျမှု၊ ရာဘာစေးခြစ်သည့် အလုပ်သမားစရိတ် မြင့်တက်မှုတို့ကြောင့် ရာဘာခင်းပိုင်ရှင်များသည် ရာဘာကုန်ကြမ်းထုတ်လုပ်မှုကို ရပ်ဆိုင်းထားသူ များပြားသည်။ ဈေးနှုန်းပုံမှန်ရှိသောကာလများတွင် ရာဘာကုန်ကြမ်းကို ဒေသဈေးကွက်တွင် ရောင်းချကြပြီး ထိုကုန်ကြမ်းများကို အိမ်နီးချင်းနိုင်ငံများသို့တင်ပို့ရောင်းချကြသည်။ ရာဘာ ကုန်ကြမ်းဈေးနှုန်း ကျဆင်းခြင်းကြောင့် ရာဘာခင်းပိုင်ရှင်နှင့် အလုပ်သမားတို့မှာ အကျိုးအမြတ်၊ ဝင်ငွေတို့မရနိုင် ဖြစ်ကြရသည်။ ကုန်ကြမ်းဝယ်ယူပြီး ရာဘာကုန်ချောထုတ်လုပ်ငန်းကို ဒေသတွင်း ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် အကြံပြုအပ်ပါသည်။

ကျေးရွာတွင်း တချို့ရွာသားများ အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများသည် အကျိုးအမြတ် ရနိုင်မည့်စီးပွါးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းများ ရှိပါသည်။ ကျွမ်းကျင်ပညာရှင် တချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ ပါဝင်သည့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှု ရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ မြို့နယ်ဒေသမှသည် ကျေးရွာအထိ လိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

### (င) ကျေးရွာမီးလင်းရေး

ကျေးရွာမီးလင်းရေးအတွက် ရွာသားများ အလွန်စိတ်ဝင်စားကြသော်လည်း ပင်မဓါတ်အား လိုင်းနှင့် အလှမ်းကွာဝေးခြင်းနှင့် ငွေကြေးအားနည်းခြင်းတို့သည် ကျေးရွာမီးလင်းရေးအတွက် အဟန့်အတားအဖြစ် ရှိနေဆဲဖြစ်ပါသည်။ နိုင်ငံတော်မှ အထောက်အပံ့ကို အထိုက် အလျောက် ရရှိနိုင်လျှင် ကျေးရွာမီးလင်းရေး အစီအစဉ် အောင်မြင်နိုင်ခြေရှိပါမည်။ ကျေးရွာတွင် လျှပ်စစ်မီး သုံးစွဲနိုင်မည်ဆိုပါက ထင်းဖိုး၊မီးတိုင်ဖိုးတို့အတွက် ကုန်ကျစရိတ်များလျော့နည်းသွားပြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူပြုကာ လူနေမှုအဆင့်အတန်း မြင့်မားလာစေပါမည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည်

ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲ ထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေး လုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာ စီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့် အများ ဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ် တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့်ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက် သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဘွယ်ရာများကို သိရှိနားလည် စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံး ငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိ စေရန် အထောက်အကူပြုသည်။

***လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)–*** ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

***ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)*** တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှု အထောက်အပံ့ တို့ ပါဝင်သည်။

### (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

# ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***ကျေးရွာအဆောက်အအုံ*** | | | | | |
| | ၁။ လမ်းပန်းဆက်သွယ်ရေး အဆောက်အအုံများတိုးတက် ကောင်းမွန်လာရေး | ၁၂၅ | ၁ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ဆောက်လုပ်ရေးဆပ်ကော်မတီနှင့် လက်တွဲလျက် မြို့နယ်ကျေးလက်ဦးစီးဌာန၊ အခြား အကူအညီပေးမည့် နိုင်ငံတကာအဖွဲ့အစည်း များနှင့် ချိတ်ဆက်ပြီး ရွာနှင့် မြို့ဆက်လမ်းအဆင့်မြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်။ | ကျေးလက် ဦးစီး |
| အဆောက်အဦ | ၂။ လူမှုရေးဝန်ဆောင်မှု အဆောက် အဦဆောက်လုပ်ရေး | ၁၂၂ | ၂ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးစီးပြီး ကျန်းမာရေးဝန်ဆောင်မှု အပါအဝင် လူမှုရေးဝန်ဆောင်မှုများကို လွတ်လပ်စွာ ဆောင်ရွက်နိုင်မည့် အဆောက်အဦ ဆောက်လုပ်ရန် အတွက် ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။ | ကျေးလက် ဦးစီး |
| ***စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ*** | | | | | |
| | ၃။ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း | ၈၄ | ၃ | သက်မွေးဝမ်ကျောင်းဆိုင်ရာနည်းပညာသင်တန်းများတွင် အပ်ချုပ်၊ ဓာထိုးပန်းထိုး၊ အလှပြင်၊ ဆံပင်ညှပ်၊ မုန့်လုပ်နည်း၊ ဆိုင်ကယ်ပြင်၊ ဖုန်းပြင်၊ ကားမောင်း စသည့် အကြောင်းအရာများရှိပြီး ဝန်ဆောင်မှုပေးမည့် အဖွဲ့အစည်းများကို မြို့နယ်ဌာနဆိုင်ရာမှ တဆင့်ချိတ်ဆက်မည်။ သင့်တော်မည့်သင်တန်း အမျိုးအစားအလိုက် သင်တန်းသားများကို ရွေးချယ် စေလွှတ်မည်။ | ကျေးလက် ဦးစီး |
| ***ကျန်းမာရေး*** | | | | | |
| သောက်ရေ | ၄။ စက်ရေတွင်းတူးဖော်ခြင်း | ၈၀ | ၄ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် နည်းပညာနှင့် ရန်ပုံငွေ ရရှိနိုင်ရေးတို့အတွက် ကျေးလက်ဦးစီးဌာန၊အခြား အကူအညီပေးမည့် နိုင်ငံတကာအဖွဲ့အစည်း တို့နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ | ကျေးလက် ဦးစီး |

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***စိုက်ပျိုးရေး*** | | | | | |
| သင်တန်း | ၅။ စိုက်ပျိုးရေးနည်းပညာရရှိရေး | ၆၇ | ၅ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် လယ်သမားအဖွဲ့နှင့်ပူးပေါင်းပြီး သင်တန်းတက်ရောက်မည့်သူများကို ရွေးချယ်သတ်မှတ်ပြီး စိုက်ပျိုးရေးဦးစီးဌာနက ပို့ချမည့် စိုက်ပျိုးနည်းပညာ သင်တန်းများကို တက်ရောက်စေမည်။ | – |
| ***ဘဏ်စနစ်နှင့် ငွေရေးကြေးရေးလုပ်ငန်းများ*** | | | | | |
| ချေးငွေ | ၆။ ချေးငွေများ ရရှိနိုင်စွမ်း မြင့်တင်ပေးခြင်း၊ | ၆၆ | ၆ | ငွေချေးလိုသူများ လုပ်ငန်းတိုးချဲ့နိုင်ရန် အခြေခံချေးငွေစီမံခန့်ခွဲမှု၊ ချေးငွေလျှောက်လွှာပြုစုနိုင်ရန် ဆောင်ရွက်ပေးမည်။ | ကျေးလက် ဦးစီး |
| ***ကျေးရွာအဆောက်အအုံ*** | | | | | |
| | ၇။ ကျေးလက်မီးလင်းရေး | ၆၄ | ၇ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာမီးလင်းရေး ဆပ်ကော်မတီနှင့် လက်တွဲလျက် မြို့နယ်ကျေးလက်ဦးစီးဌာန၊ အခြား အကူအညီပေးမည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ကျေးရွာအိမ်ထောင်စုများ ဆိုလာမီးသုံးစွဲ သွားနိုင်ရေးအတွက် ဆောင်ရွက်သွားမည်။ | ကျေးလက် ဦးစီး |
| ***စီမံအုပ်ချုပ်မှု*** | | | | | |
| ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု | ၈။ ကျေးရွာအဖွဲ့အစည်းများခိုင်မာ တောင့်တင်းရေးနှင့်စွမ်းရည် မြင့်တင်ရေး | ၅၈ | ၈ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာရှိအဖွဲ့အစည်းများ စွမ်းဆောင်ရည် မြင့်မားလာရေးအတွက် ခေါင်းဆောင်မှု သင်တန်း၊ စာရင်းရေးသွင်းနည်းသင်တန်း၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတင်တန်း များကို သင်တန်းပေးနိုင်သည့် အဖွဲ့ အစည်းများနှင့် မြို့နယ်ဌာနဆိုင်ရာမှတဆင့် ချိတ်ဆက်ကာ ပို့ချ နိုင်ရေးဆောင်ရွက်မည်။ | – |

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***မွေးမြူရေး***<br>ဝင်ငွေ | ၉။ တစ်နိုင်တစ်ပိုင်နှင့်စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေခြင်း | ၅၄ | ၉ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တစ်နိုင်တစ်ပိုင်နှင့် စီးပွါးဖြစ်နွားမွေးမြူမည့် သူများကို ရွေးချယ်သတ်မှတ်ပြီး နည်းပညာ၊ သွင်းအားစုများနှင့် ရန်ပုံငွေရရှိရေးတို့အတွက် မွေးကုဦးစီးဌာန၊ ကျေးလက်ဦးစီးဌာနနှင့် အကူအညီပေးနိုင်မည့် အေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်မည်။ | – |
| ***စိုက်ပျိုးရေး***<br>စိုက်ပျိုးရေ | ၁၀။ တူးမြောင်းဖောက်လုပ်ပြီး စိုက်ပျိုးရေသွယ်ယူခြင်း | ၅၂ | ၁၀ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးစီးပြီး လုပ်ငန်းဖော်ဆောင်နိုင်ရေးအတွက်  ကျေးလက်ဦးစီးဌာနနှင့် အခြားအကူအညီပေးနိုင်သည့် အေဂျင်စီ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ကျေးရွာဆောက်လုပ်ရေးဆပ်ကော်မတီနှင့် လက်တွဲကာ အကောင်အထည်ဖော်သွားမည်။ | – |
| ***မွေးမြူရေး***<br>ဝင်ငွေ | ၁၁။ တစ်နိုင်တစ်ပိုင် ငါးမွေးမြူရေး | ၄၁ | ၁၁ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာရှိအိမ်ထောင်စုများ၏ စိတ်ဝင်စားမှု အလိုက်  တစ်နိုင်တစ်ပိုင်ငါးမွေးမြူမည့်သူများကို ရွေးချယ်သတ်မှတ်ပြီး နည်းပညာ၊ သွင်းအားစုများနှင့် ရန်ပုံငွေရရှိရေးတို့အတွက်ငါးလုပ်ငန်းဦးစီး ဌာန၊ ကျေးလက် ဦးစီးဌာနနှင့် အခြားအကူအညီပေးနိုင်မည့် နိုင်ငံတကာ အေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်မည်။ | - |
| ***ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား***<br>စွမ်းဆောင်ရည် | ၁၂။ လူငယ်ဖွံ့ဖြိုးရေး | ၂၈ | ၁၂ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်စာကြည့်တိုက်ဆောက်လုပ်ပြီးအခြား လိုအပ်သည်များတပ်ဆင်သုံးစွဲနိုင်ရန် နည်းပညာနှင့် ရန်ပုံငွေ ရရှိနိုင်ရေးတို့အတွက် မြို့နယ်ပြန်ဆက်ဦးစီးဌာန၊အခြား အကူအညီ ပေးမည့်နိုင်ငံတကာအဖွဲ့အစည်းတို့နှင့်ချိတ်ဆက်ဆောင်ရွက်သွားမည် | - |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက် ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | ဦးစားပေး အဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|
| ၁။ ရွာနှင့်မြို့ဆက်လမ်း အဆင့်မြှင့်တင်ခြင်း | ၁ | —— | —— | | | |
| ၂။ လူမှုရေးဝန်ဆောင်မှု အဆောက် အဦ ဆောက်လုပ်ရေး | ၂ | —— | | | | |
| ၃။ သက်မွေးဝမ်းကျောင်းနည်းပညာများရရှိရေး | ၃ | —— | —— | —— | —— | —— |
| ၄။ စက်ရေတွင်းတူးဖော်ခြင်း | ၄ | —— | —— | | | |
| ၅။ စိုက်ပျိုးနည်းပညာများရရှိရေး | ၅ | —— | | —— | | —— |
| ၆။ သက်မွေးဝမ်ကျောင်းလုပ်ငန်း များအတွက် ချေးငွေရရှိရေး | ၆ | —— | —— | —— | —— | —— |
| ၇။ ကျေးရွာမီးလင်းရေး | ၇ | —— | —— | | | |
| ၈။ ကျေးရွာလူမှုအဖွဲ့အစည်းများ ခိုင်မာတောင့်တင်းရေးနှင့် စွမ်းရည်မြှင့်တင်ရေး | ၈ | —— | —— | —— | —— | —— |
| ၉။ တစ်နိုင်တစ်ပိုင်နှင့်စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေခြင်း | ၉ | —— | —— | | | |
| ၁၀။ တူးမြောင်းဖောက်လုပ်ပြီး စိုက်ပျိုးရေသွယ်ခြင်း | ၁၀ | | —— | —— | —— | |
| ၁၁။ တစ်နိုင်တစ်ပိုင်ငါးမွေးမြူရေး | ၁၁ | | —— | | | |
| ၁၂။ လူငယ်ဖွံ့ဖြိုးရေး | ၁၂ | —— | —— | | | |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏

ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ရွာနှင့်မြို့ဆက်လမ်း အဆင့်မြှင့်တင်ခြင်း | | | √ | | |
| ၂ | လူမှုရေးဝန်ဆောင်မှု အဆောက်အဦ ဆောက်လုပ်ရေး | | | √ | | |
| ၃ | သက်မွေးဝမ်းကျောင်းနည်းပညာများရရှိရေး | | | | √ | |
| ၄ | စက်ရေတွင်းတူးဖော်ခြင်း | | | √ | | |
| ၅ | စိုက်ပျိုးရေးနည်းပညာများရရှိရေး | | | | √ | |
| ၆ | သက်မွေးဝမ်ကျောင်းလုပ်ငန်းများအတွက် ချေးငွေရရှိရေး | | | √ | | |
| ၇ | ကျေးရွာမီးလင်းရေး | | | √ | | |
| ၈ | ကျေးရွာလူမှုအဖွဲ့အစည်းများ ခိုင်မာတောင့်တင်းရေးနှင့် စွမ်းရည်မြှင့်တင်ရေး | | | | √ | |
| ၉ | တစ်နိုင်တစ်ပိုင်နှင့်စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေခြင်း | | | √ | | |
| ၁၀ | တူးမြောင်းဖောက်လုပ်ခြင်း | | | √ | | |
| ၁၁ | တစ်နိုင်တစ်ပိုင်ငါးမွေးမြူရေး | | | √ | | |
| ၁၂ | လူငယ်ဖွံ့ဖြိုးရေး | | | √ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုမှ ဦးဆောင် အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင် တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ်ပူးပေါင်းပြီး ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်သည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေး ဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူပါမည်။

### (၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

**၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက် မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်း ကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်း အလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက် ပါမည်။

**၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေ များအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ် ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့် အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖော်သော နည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်း များကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်း စနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

**(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန် ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက် အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက် များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း (indicator)များဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report)ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်

ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

## (၁၁-၂ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြား သက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။ နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## ၁. ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

## ၁.၁ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

| အသက်အုပ်စု | ကျား | မ | စုစုပေါင်း | စုစုပေါင်း% | ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ |
|---|---|---|---|---|---|
| ၁ နှစ်အောက် | ၄ | ၉ | ၁၃ | ၀.၅% | နို့စို့အရွယ် |
| ၁ နှစ်မှ ၅နှစ် | ၆၃ | ၇၈ | ၁၄၁ | ၅.၆% | ၅နှစ်အောက်ကလေးငယ် |
| ၅ နှစ်မှ ၉နှစ် | ၆၇ | ၈၃ | ၁၅၀ | ၆.၀% | မူလတန်းကျောင်းသားအရွယ် |
| ၁၀ နှစ်မှ ၁၄နှစ် | ၁၀၃ | ၁၁၄ | ၂၁၇ | ၈.၆% | အလယ်တန်းကျောင်းသား အရွယ် |
| ၁၅ နှစ်မှ ၆၀ နှစ် | ၈၉၇ | ၁၀၂၇ | ၁၉၂၄ | ၇၆.၃% | အလုပ်လုပ်နိုင်သည့်အရွယ် |
| ၆၀ နှစ် နှင့်အထက် | ၂၉ | ၄၇ | ၇၆ | ၃.၀% | သက်ကြီးရွယ်ကြီး |
| **စုစုပေါင်း** | **၁၁၆၃** | **၁၃၅၈** | **၂၅၂၁** | **၁၀၀%** | |

**အိမ်ထောင်စုပေါင်း = ၄၆၀** **တစ်အိမ်ထောင်လူဦးရေ = ၅.၅**

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၂ ရက်၊ ၉ လ၊ ၂၀၁၅ နှစ်)

## ၁.၂ လုပ်သားအင်အားနှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်း ကဏ္ဍများ | အဓိက အလုပ်အကိုင် | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | | |
| ၁ | *စိုက်ပျိုးရေး (သီးနှံထုတ်လုပ်ရေး)* | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၁၃၄ | ၂၉.၁% | | လယ်ယာလုပ်ငန်းကို အဓိက လုပ်ကိုင်ကြသည်။ |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၂၀ | ၂၆.၁% | | စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကအားဖြင့် ပါဝင်ဆောင်ရွက်ကြပြီး စိုက်ပျိုး ရိတ်သိမ်း ကာလအလွန်တွင် ကျပန်း အလုပ်များမှ ဝင်ငွေ ရှာဖွေကြသည်။ |
| | • မိသားစုဝင်လုပ်အား | – | – | – | မိသားစုဝင်အချို့က စိုက်ပျိုး ရေး လုပ်ငန်းခွင်များတွင် တတ်နိုင်သည့်ဘက်က ပါဝင် |

| စဉ် | လုပ်ငန်း ကဏ္ဍများ | အဓိက အလုပ်အကိုင် | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | | |
| | | | | | ကူညီဆောင်ရွက်တတ်ကြပြီး ဤအချက်အလက်နှင့်ပါတ်သက်ပြီး ကိန်းဂဏန်းစာရင်းမကောက်ယူခဲ့ပါ။ |
| ၂ | ***တိရိစ္ဆာန်မွေးမြူရေး*** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၃ | ၀.၇% | | ဝက်မွေးမြူသည့် အလုပ်ဖြင့် အဓိကဝင်ငွေရှာဖွေစားသောက်ကြသည်။ |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | |
| | • မိသားစုဝင်လုပ်အား | – | – | – | |
| ၃ | ***ငါးဖမ်းလုပ်ငန်း*** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၄ | ***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း*** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • လုပ်သား (အငှား၊ဝန်ထမ်း) | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၅ | ***ထုတ်ကုန်လုပ်ငန်း*** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၅ | ၁.၁% | | ဆန်ကြိတ်စက် ၂ ဦး၊ သစ်ခွဲ စက် ၃ ဦးတို့ဖြစ်ပြီး ကျေးရွာမှ အလုပ်သမားအချို့ ဝင်ရောက်လုပ်ကိုင်လျက်ရှိကြပါသည်။ |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | • နေစားလုပ်သား | | | | |
| ၆ | ***လျှပ်စစ်၊ သဘာဝဓါတ်ငွေ့ နှင့် ရေဖြန့်ဝေရေးလုပ်ငန်း*** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | • မိသားစုဝင်လုပ်အား | | | | |

| စဉ် | လုပ်ငန်း ကဏ္ဍများ | အဓိက အလုပ်အကိုင် | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | | |
| ၇ | ***ဆောက်လုပ်ရေးလုပ်ငန်း*** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၁၄ | ၃.၀% | – | လက်သမား ၁၁ ဦး၊ ပန်းရံ ၄ ဦး(တစ်အိမ်ထောင်တည်းမှ ၂ ဦး) တို့ဖြစ်ကြသည်။ ရွာတွင်းတွင် အဓိက အလုပ် လုပ်ရပြီး ရွာပြင်ပတွင်လည်း အလျဉ်းသင့်သလိုလုပ်ရပါသည်။ |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၈ | ***ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး*** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | – | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | |
| | • မိသားစုဝင်လုပ်အား | – | – | – | |
| ၉ | ***ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)*** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၄ | ၀.၉% | | လက်တွန်းထွန်စက်နှင့် ခြွေလှေ့ စက်မောင်းကျွမ်းကျင်သူများဖြစ်ကြသည်။ |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၁၀ | ***လက်လီ-လက်ကား ရောင်းဝယ်ရေး*** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၉ | ၂.၀% | | လက်လီဆိုင် များဖြစ်ပြီး စားသောက်ကုန်၊ ကွမ်းယာဆိုင်နှင့် အခြားကုန်ပစ္စည်း တို့ကို ရောင်းချကြသည်။ |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | | |
| | • မိသားစုဝင်လုပ်အား | – | – | | |
| ၁၁ | ***ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း*** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၁ | ၀.၂% | | လ္ဘက်ရည်ဆိုင်ဖြစ်သည်။ |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | • မိသားစုဝင်လုပ်အား | | | | |

| စဉ် | လုပ်ငန်း ကဏ္ဍများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | အဓိက အလုပ်အကိုင် % | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၁၂ | *ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး* | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | – | – | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၁၃ | *ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)* | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | – | – | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၁၄ | *အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ* | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | – | – | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၁၅ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃ | ၀.၇% | | စာရေး– ၁ ဦး၊ စစ်သား ၁ ဦး၊ လဝကဌာနဝန်ထမ်း –၁ ဦး |
| | • မိသားစုဝင်လုပ်အား | | | | |
| ၁၆ | *ပညာရေး* | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၈ | ၃.၉% | | ကျောင်းဆရာ/မ– ၁၉ဦးရှိပြီး တစ်အိမ်ထောင်တည်းတွင် ၂ ဦးရှိကြသည်။ |
| | • မိသားစုဝင်လုပ်အား | | | | |
| ၁၇ | *ကျန်းမာရေး* | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | – | – | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | • မိသားစုဝင်လုပ်အား | | | | |

| စဉ် | လုပ်ငန်း ကဏ္ဍများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | % | တွဲဖက် အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၁၈ | *လူမှုရေး လုပ်ငန်းများ* | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၁၉ | *အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)* | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၄၉ | ၃၂.၄% | | မိမိရပ်ရွာမှ ထွက်ခွါပြီး ထိုင်းနိုင်ငံသို့ သွားရောက် အလုပ် လုပ်ကြသည်။ |
| | • မိသားစုဝင်လုပ်အား | | | | |
| ၂၀ | *ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ* | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | – | – | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| | **စုစုပေါင်း** | ၄၆၀ | ၁၀၀% | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၂ ရက်၊ ၉ လ၊ ၂၀၁၅ နှစ်)

## ၁.၃ စိုက်ပျိုးနိုင်သောမြေဧရိယာ

### ၁.၃.၁ ကျေးရွာ၏စိုက်ပျိုးမြေဧရိယာ ( မြေအသုံးချမှု)

ဇယား (၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေး နိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၅၉၁ | သင့် | ဆည်ရေမရရှိပါ။ | မိုးကောင်းသောက်ဧရိယာဖြစ်သည်။ |
| ယာမြေ | - | - | - | - |
| ဥယျာဉ်ခြံမြေ/ရာဘာ | ၅၁၇ | - | - | - |
| အိမ်ခြံဝင်း စိုက်ခင်း | | - | - | - |
| ရွှေ့ပြောင်း တောင်ယာ | - | - | - | - |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| စားကျက်မြေ | - | - | - | - |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေး နိုင်သည့်ဧက) |
|---|---|---|---|---|
| ပလပ်မြေ | - | - | - | - |
| သစ်တောမြေ | - | - | - | - |
| ရော်ဘာ | | | - | - |
| **စုစုပေါင်း** | **၁၁၀၈** | | - | - |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၂ ရက်၊ ၉ လ၊ ၂၀၁၅ နှစ်)

### ၁.၃.၂ ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၄) ဓါတ်သတ္တုနှင့် အခြားသဘာဂအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | - | - |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | - | - |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရိစ္ဆာန်မျိုးစိတ်များ | - | - |
| အပင်မျိုးစိတ်များ (နွားစာ၊ ဆေး ဘက်ဝင်အပင်များ) | နွယ်ချို၊နွယ်ခါး၊ သံမနိုင်၊ ကျောက်မနိုင်၊ ဘီးစပ်ပင် | လွယ်ကူ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၂ ရက်၊ ၉ လ၊ ၂၀၁၅ နှစ်)

## ၁.၄ ဥစ္စာဓနအဆင့်အနေအထား

ဇယား (၅) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၁၀ ဧကနှင့်အထက် | ၅–၁၀ ဧက ကြား | ၅ဧက အောက် | မပိုင် |
| အိမ်အခြေအနေ | တိုက်၊ ပျဉ်ခင်း၊ ပျဉ်ထောင်၊ သွပ်မိုး၊ ၂ ထပ် | သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ သစ်တိုင်၊ ပျဉ်ကာ | ထရံကာ၊ သွပ်/အင်ဖက်မိုး၊ ပျဉ်/ကြမ်းခင်း | ဝါးအိမ် |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | လက်တွန်းထွန်စက်၊ ကျွဲ၊ နွား၊ ထွေလာဂျီ | လက်တွန်းထွန်စက်၊ ခိုင်းနွား၊ ရေစုပ်စက် | ခိုင်းကျွဲ၊ ခိုင်းနွား ၁ ကောင် | မပိုင် |
| သယ်ယူပို့ဆောင်ရေး ပိုင်ဆိုင်မှု | အိမ်စီးကား၊ ဟိုင်းလပ်၊ ဆိုင်ကယ် | ဆိုင်ကယ်၊ ကား၊ စက်ဘီး | ဆိုင်ကယ်ဟောင်း၊ စက်ဘီး | စက်ဘီးဟောင်း |
| အဓိကစီးပွားရေး လုပ်ငန်း၊ တနှစ်ဝင်ငွေ | ထိုင်းတွင် ၂ ဦးထက် ပိုလုပ်သည့်အိမ်၊ သစ်စက်၊ ဆန်စက်၊ တောင်သူကြီး၊ ရာဘာစိုက်ခင်းပိုင် | ဈေးဆိုင်၊ ဝရိန်ဆော်၊ ထိုင်းတွင် အလုပ်လုပ်သူ ၁ ဦးရှိသည့်အိမ်၊ | ဆိုင်ကယ်ပြင် ဆိုင်၊ ဈေးဆိုင်၊ ကျဘန်း၊ထိုင်းတွင် အလုပ် လုပ်သူ ၁ ဦးရှိသည့် အိမ်၊ | ကျဘန်း |
| အခြားပိုင်ဆိုင်မှု | TVဖုန်း၊ ဆိုလာ၊ ရေဒီယို၊ မီးစက်၊ ဆောင်းဘောက်အစုံ | TVဖုန်း၊ ဆိုလာ၊ ရေဒီယို၊ မီးစက်၊ ဆောင်းဘောက်အစုံ | ဖုန်း၊ ခေါက်တီဗီ၊ ရေဒီယို | ရေဒီယို |
| **အိမ်ထောင်စု ပေါင်း(၄၆၀)** | **၃၂ ၇%** | **၃၂၅ ၇၀.၆%** | **၈၂ ၁၇.၈%** | **၂၁ ၄.၆%** |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၂ ရက်၊ ၉ လ၊ ၂၀၁၅ နှစ်)

## ၁.၅ ။ ထိခိုက်လွယ်မှု

### ၁.၅.၁။ ဝမ်းစာဖူလုံမှု

ဆင်းရဲအိမ်ထောင်စုနှင့် အလွန်ဆင်းရဲအိမ်ထောင်စုပေါင်း၏ ၃၀%ဖြစ်သော ဆင်းရဲအိမ်ထောင်စု(၁၉)စုနှင့် အလွန်ဆင်းရဲအိမ်ထောင်စု (၁၄)အိမ်ထောင်စုတို့ကို တွေ့ဆုံဆန်းစစ်မှုအရ ၆% ဖြစ်သော အိမ်ထောင်စု (၂)စုသည် သူတပါးထံမှ မချေးမငှါးပဲ နပ်မှန်မစားသောက် နိုင်ကြောင်း တွေ့ရှိရပါသည်။

ဇယား (၆) ကျေးရွာ၏ဝမ်းစာဖူလုံမှုအခြေအနေ

| ကာလ | အိမ်ထောင်စု အရေအတွက် | % | ဖြေရှင်းကျော်လွှားပုံ |
|---|---|---|---|
| ၃ လအောက် | ၁၄ | ၄၂% | လုပ်အားကြိုတင်ရောင်းပြီး ငွေရယူကာ ရိက္ခာဝယ်ယူရသည်။ |
| ၃ လမှ ၆ လ | ၁၄ | ၄၂ | လုပ်အားကြိုတင်ရောင်းပြီး ငွေရယူကာ ရိက္ခာဝယ်ယူရသည်။ |
| ၆ လမှ ၁၂ လ | ၃ | ၁၀% | ရိက္ခာအတွက်ငွေချေးကာ အလုပ်ထဲမှ (သို့) မွေးမြူရေး တိရိစ္ဆာန်ရောင်းချရသည့် ဝင်ငွေရလျှင်ရချင်း ပြန်လည် ပေးဆပ်ကြသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၂ ရက်၊ ၉ လ၊ ၂၀၁၅ နှစ်)

## ၁.၅.၂။ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၇) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို ၆၀နှစ် နှင့် အထက် | မိသားစုစောင့်ရှောက်မှုမရှိ | ၇ | ၁၅ | ၂၂ |
| မသန်စွမ်းသည့် ပုဂ္ဂိုလ် | မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိ | ၁ | - | ၁ |
| | | | **အိမ်ထောင်စု အရေအတွက်** | |
| အမျိုးသမီးဦးဆောင် သောအိမ်ထောင်စု | ဆင်းရဲ၍မိသားစုဦးရေများ | | ၁၃ | |
| မုဆိုးဖို / တစ်ခုလပ် | ဆင်းရဲ၍မိသားစုဦးရေများ | | ၆ | |
| ဆင်းရဲသည့် အိမ်ထောင်စု | အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသူ | | ၇ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၂ ရက်၊ ၉ လ၊ ၂၀၁၅ နှစ်)

## ၁.၅.၃။ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | လတ် | တချို့ဆင်းရဲအိမ်ထောင်စုများသည် လုပ်အားကို ကြိုတင်ရောင်းရပြီး စားနပ်ရိက္ခာမလုံလောက်မှုရှိတတ်သည်။ |
| ၂ | သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေ...) | လတ် | လယ်ယာမြေထပ်မံမတိုးချဲ့နိုင်ပဲ အကန့်အသတ်ရှိသည်။ |
| ၃ | ရေကြီးခြင်း | နိမ့် | မိုးရာသီ ဝါဆို၊ဝါခေါင်လတို့တွင် ရေကြီးတတ်သော်လည်း အသက်အန္တရာယ်ထိခိုက်မှုမကြုံဖူးသေးပါ။ |
| ၄ | မိုးခေါင်ခြင်း | နိမ့် | မိုးဦး၊မိုးနှောင်းကာလများတွင် တစ်ခါတစ်ရံ ကြုံတွေ့ရတတ်သည်။ |
| ၅ | မုန်တိုင်း | နိမ့် | ဖြစ်ပွါးထိခိုက်ခံရမှု နည်းပါးပါသည်။ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၆ | ငလျင် | နိမ့် | ကြီးမားသောထိခိုက်ခံစားရမှုမရှိသေးပါ။ |
| ၇ | မီးဘေး | နိမ့် | ဖြစ်ပွါးထိခိုက်ခံရမှု နည်းပါးပါသည်။ |
| ၈ | ဆားငံရေဝင်မြေ | - | - |
| ၉ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | - | - |
| ၁၀ | သစ်တောပြုန်းတီးခြင်း | လတ် | ကျေးရွာအနီးတဝိုက်တွင် သစ်များကို လွန်ခဲ့သောဆယ်စုနှစ်များကလောက် ရှာဖွေ ခုတ်ယူရ မလွယ်ကူတော့ပါ။ |
| ၁၁ | ငှက်ဖျားရောဂါ | လတ် | ယခုနှစ်တွင် ငှက်ဖျားရောဂါဖြစ်ပွါးသူ (၁၀)ဦးခန့်ရှိခဲ့ပြီး ကျုံဒိုးဆေးရုံမှ ဆေးကုသပေးမှုကြောင့် သက်သာပျောက်ကင်းသွားကြပါသည်။ |
| ၁၂ | တီဘီရောဂါ | နိမ့် | တီဘီရောဂါဖြစ်ပွါးခံစားနေရသူ (၈)ဦးရှိပြီး ယခုအချိန်တွင် ဆေးညွှန်းအတိုင်း စားသုံးနေကြရသည်။ |
| ၁၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | ရောဂါရပ်ဆိုင်ရာ အသိအမြင်များ ရရှိလာကြကာ ရောဂါဖြစ်ပွါးမှု လျော့နည်း လာသည်။ |
| ၁၄ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ(IDP) | – | မရှိပါ။ |
| ၁၅ | လူကုန်ကူးခြင်း | နိမ့် | ရွာသားတစ်ဦးသည် လွန်ခဲ့သော (၃)နှစ်ခန့်က ထိုင်းနိုင်ငံသို့ထွက်ခွါသွားပြီး ယခု အချိန်ထိ အဆက်အသွယ်မရဖြစ်နေသည်။ လူကုန်ကူးခံရသည်ဟု ယူဆစရာဖြစ်နေသည်။ |
| ၁၆ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲ စသည် | နိမ့် | ကျေးရွာသည် ကော့ကရိတ်မြို့နှင့် ၁၈ ကီလိုမီတာကွာဝေးသော်လည်း ကားလမ်း ဖောက်လုပ်ဆက်သွယ်ထားသဖြင့် ခရီးသွားလာချိန် အသင့်အတင့်ကြာမြင့်သည်မှအပ အခက်အခဲနည်းပါသည်။ |
| ၁၇ | အခြား | - | - |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၂ ရက်၊ ၉ လ၊ ၂၀၁၅ နှစ်)

## ၁.၅.၄။ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | လူငယ်လူရွယ်များသည် နေရပ်မှ ထွက်ခွါပြီး ထိုင်းနိုင်ငံသို့ သွားရောက် လုပ်ကိုင်ကြကာ လိင်မှတဆင့် ကူးစက်ရောဂါ၊ အရက်နှင့် မူးယစ်ဆေးစွဲမှုတို့ ရှိတတ်သည်။ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု | လတ် | အလုပ်ပုံမှန်မရရှိကြခြင်းကြောင့် ဝမ်းစာမဖူလုံမှု ကြုံရတတ်သည်။ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | လတ် | သဘာဝဘေးဒါဏ်၊ ပိုးမွှားရောဂါ ကျရောက်မှု၊ တိရစ္ဆာန်ရောဂါဖြစ်ပွါးမှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှုတို့ ကြုံတွေ့ရပါက ဝမ်းစာမဖူလုံမှုရင်ဆိုင်ရတတ်သည်။ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသ | နိမ့် | သဘာဝ ဘေးဒဏ်ကျရောက်မှု နည်းပါးပါသည်။ |
| ၅ | မြစ်ကမ်းဘေးနေလူထု | - | - |
| ၆ | မတော်မဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) | နိမ့် | ဆိုင်ကယ်မတော်တဆဖြစ်မှုအနည်းငယ်မှအပ အခြားဖြစ်ပွါးမှု နည်းပါးပါသည်။ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ(IDP) | - | - |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | - | - |
| ၉ | ငါးကန်ပိုင်ရှင် | - | - |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | လတ် | သဘာဝဘေးဒါဏ်၊ ပိုးမွှားရောဂါကျရောက် မှု၊ တိရစ္ဆာန်ရောဂါဖြစ်ပွါးမှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှုတို့ ကြုံတွေ့ရပါက ဝမ်းစာမဖူလုံမှုရင်ဆိုင်ရတတ်သည်။ |
| ၁၁ | လူနည်းစုလူမျိုးများ | - | တစ်ရွာလုံး ကရင်လူမျိုးများ ဖြစ်ကြသဖြင့် လူနည်းစုလူမျိုးများ မရှိပါ။ |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာ | - | - |
| ၁၃ | နယ်စပ်ဒေသ | နိမ့် | ထိုင်းနိုင်ငံနှင့်နယ်ချင်းနီးစပ်သော်လည်း နယ်စပ်ဖြတ်ကျော် ရာဇဝတ်ဖြစ်ပွါးမှုများ နည်းပါးပါသည်။ |
| ၁၄ | ရွှေတွင်းလုပ်သား | - | - |
| ၁၅ | ဆေးစွဲသူများ | နိမ့် | ထိုင်းနိုင်ငံသို့သွားရောက်သည့်လူငယ် အချို့ ယာဘာဆေးပြားသုံးစွဲမှုရှိကြသည်။ |

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | နိမ့် | နည်းပါးပါသည်။ |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | - | - |
| ၁၈ | ရွှေ့ပြောင်းလုပ်သားများ | လတ် | ထိုင်းနိုင်ငံသို့သွားရောက်လုပ်ကိုင်သူအရေအတွက် များပြားပြီး အနိုင်ကျင့်ခံရမှု များကြုံရတတ်သည်။ |
| ၁၉ | ကားသမား | - | - |
| ၂၀ | အခြား | - | - |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၂ ရက်၊ ၉ လ၊ ၂၀၁၅ နှစ်)

## ၂။ ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

### ၂.၁။ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

#### ၂.၁.၁။ ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။ ကျေးရွာ၏ လက်ရှိရင်ဆိုင်နေရသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားစီးပွားရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ပြဿနာများကို ပူးပေါင်းဖော်ထုတ်ပြီး၊ ကျေးရွာတွင်ရှိသော အရင်းအမြစ်များ၊ အခွင့်အလမ်းများကို ဖော်ထုတ်ကာ အကျိုးရှိစွာအသုံးချပြီး၊ သက်ဆိုင်ရာဌာနများနှင့် အစီအစဉ်ကျသော မူဝါဒ ချိတ်ဆက်မှုများ လုပ်ဆောင်သွားနိုင်ပါမည်။

ဇယား (၁၀) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ကျောင်းဂေါပက | ၂ | ၁၁ | - | ၁၁ | ဘာသာရေး | ၄ | ၆ |
| ၂ | အမျိုးသမီးကြီးအဖွဲ့ | ၂ | - | ၁၁ | ၁၁ | သာရေးနာရေး ဝေယျာဝစ္စ | ၄ | ၇ |
| ၃ | အမျိုးသမီးရေးရာအဖွဲ့ | ၂ | - | ၉ | ၉ | အမျိုးသမီးကိစ္စအဝဝ | ၅ | ၇ |
| ၄ | မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ | ၂ | - | ၅ | ၅ | ကိုယ်ဝန်ဆောင်မိခင်၊ကလေးကျန်းမာရေး | ၅ | ၇ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်း ဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၅ | ဆောက်လုပ်ရေးအဖွဲ့ | ၂ | ၁၁ | - | ၁၁ | ကျေးရွာပိုင် အဆောက်အဦးပြုပြင်ထိန်းသိမ်းခြင်း | ၄ | ၆ |
| ၆ | မူကြိုကျောင်းကော်မတီ | ၂ | ၁၈ | ၂၁ | ၃၉ | မူကြိုကျောင်း ပြုပြင်ထိန်း သိမ်းခြင်း၊ ကျောင်းဆရာမ လစာစီစဉ်ပေးခြင်း | ၄ | ၆ |
| ၇ | လူမှုရေးအဖွဲ့ | ၂ | ၂၃ | ၂၇ | ၅၀ | လူမှုရေးလုပ် ငန်း | ၄ | ၆ |
| ၈ | ကျောင်းအကျိုးတော်ဆောင်အဖွဲ့ | ၂ | ၅ | ၇ | ၇ | ကျောင်းဖွံ့ဖြိုးရေးဆိုင်ရာများ | ၅ + ၄ | ၇ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ ( ၁၂ ရက်၊ ၉ လ၊ ၂၀၁၅ နှစ်)

**မှတ်ချက်။**

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ -ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

## ၂.၁.၂ ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | Save the Childen | ၂ | မူကြိုကျောင်းဆောင်ကို ရွာသားနှင့် ပူးပေါင်းတည်ဆောက်ခဲ့သည်။ |
| ၂ | Unicef | ၄ | ၂၀၀၉ ခုနှစ်က စက်ရေတွင်း တူးဖော်ပေးခဲ့သည်။ |
| ၃ | KBC, Save the Childen and CA (Christian Aid) | ၂ | ကိုယ်ဝန်ဆောင်မိခင်ကလေးမွေးဖွား၊ ငါးနှစ်အောက်ကလေးကျန်းမာရေး |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၂ ရက်၊ ၉ လ၊ ၂၀၁၅ နှစ်)

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

## ၂.၂။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### ၂.၂.၁။ သီးနှံထုတ်လုပ်ရေး

#### ၂.၂.၁.၁။ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၃၂၆ | ၇၁% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ် တာထိ) | ၃၇ | ၈.၀% | ဆင်းရဲသားတောင်သူ |

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၄၃ | ၉.၃% | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ) | ၅၀ | ၁၀.၈% | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်) | ၄ | ၀.၉% | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | ၄၆၀ | ၁၀၀% | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၂ ရက်၊ ၉ လ၊ ၂၀၁၅ နှစ်)

## ၂.၂.၁.၂။အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | အစိုးရနှင့် ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်) |
|---|---|---|---|---|
| ၁ | ဆည် | - | - | - |
| ၂ | ရေလွှဲဆည် | - | - | - |
| ၃ | မြစ်ရေတင်စီမံကိန်း | - | - | - |
| ၄ | ဆည်မြောင်း | - | - | - |
| ၅ | အဝီစိတွင်း | - | - | - |
| ၆ | လက်ငင် ရေတွင်း | - | - | - |
| ၇ | စိမ့်စမ်းရေ | - | - | - |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၂ ရက်၊ ၉ လ၊ ၂၀၁၅ နှစ်)

### ၂.၂.၁.၃။ အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများနှင့်အထွက်နှုန်း

| သီးနှံ | ဧက | ယူနစ် | သီးနှံထွက်မှု | | | သီးနှံ စိုက်ပျိုးသည့် ကာလ | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | | | | |
| မိုးစပါး | ၅၉၁ | တင်း | ၂၅ | ၅၅ | ၄၀ | ဇွန်၊ ဇူလိုင် | နိမ့် | နိမ့် | |
| ရာဘာ | ၅၁၇ | ပေါင် | ၂ | ၃ | ၂.၅ | နှစ်ရှည်ပင် | လတ် | နိမ့် | ဧက ၅၀ ခန့်ထုတ်လုပ်သည် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၂ ရက်၊ ၉ လ၊ ၂၀၁၅ နှစ်)

### ၂.၂.၁.၄။ လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

| စက်အမျိုးအစား | အိမ်ထောင်စု အရေအတွက် | ရွာပိုင်ဆိုင်မှု | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| ထွန်စက် | – | - | |
| ရိတ်သိမ်းစက် | – | - | |
| လက်တွန်းထွန်စက် | ၅၁ | - | ၎ါးရမ်းထွန်ယက်လိုသူများအနေဖြင့် တစ်ဧက ၂၅၀၀၀/ကျပ်ဖြင့်၎ါးရမ်းထွန်ယက်နိုင်ကြပါသည်။ |
| ရိတ်ခြွေစက် Thresher | ၁ | - | စပါး ၁၀၀တင်းခြွေလှည့်လျှင် အခကြေးငွေအဖြစ် စပါး တစ်တင်းပေးရပါသည်။ |
| ရေစုပ်စက် | ၄၇ | - | ရေသွင်းရေထုတ်လုပ်ငန်းများတွင် အသုံးပြုကြပြီး ၎ါးရမ်းသုံ့စွဲလိုသူများအတွက် စက်မောင်းချိန် ကုန်ကျသောလောင်စာဆီဖိုး၏ တစ်ဆခွဲ ပေးရပါသည်။ |
| ခြေနင်းရေတင်စက် | - | - | - |
| မျိုးစေ့ချစက် | - | - | - |
| မြက်ရိတ်စက် | ၄ | - | မိုးဦးကျကာလ လယ်ကန်သင်းဘောင်းရှိမြက်ပင်များအား ထွန်စက်ဖြင့် မထွန်ယက်မီ မြက်ရိတ်စက်ကို အသုံးပြုကြပြီး ၎ါးရမ်းသုံ့စွဲလိုသူများ |

| စက်အမျိုးအစား | အိမ်ထောင်စု အရေအတွက် | ရွာပိုင်ဆိုင်မှု | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| | | | အတွက် စက်မောင်းချိန် ကုန်ကျသော လောင်စာဆီဖိုး၏ နှစ်ဆ ပေးရပါသည်။ ရာဘာစိုက်ခင်းများတွင်လည်း ရာဘာပင်များ အကြား ပေါက်ရောက်နေသော မြက်ပင်များကို ခုတ်ထွင်ရာတွင်လည်း အသုံးပြုကြပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၂ ရက်၊ ၉ လ၊ ၂၀၁၅ နှစ်)

## ၂.၂.၁.၅။ သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊သြဇာ) | ရှိ | မြေသြဇာအသင့်အတင့်မျှကောင်းမွန်သော်လည်း မြေလွတ်မြေရိုင်းများ မရှိတော့သဖြင့် ထပ်မံ တိုးချဲ့ရန် အခြေအနေမပေးတော့ပါ။ |
| ရေအရင်းအမြစ် | မရှိ | စပါးစိုက်ပျိုးရာတွင် မိုးရေတစ်မျိုးတည်းကိုသာ အားကိုးအားထားပြုရပြီး ဆည်ရေမရနိုင်ပါ။ |
| သဘာဝမြေဆွေး၊ သြဂဲနစ် | ရှိ | တောင်သူတချို့မှာ ဒေသမှရနိုင်သောနောက်ချေးများကို စုဆောင်းပြီး လယ်မထွန်ယက်မီ ကြဲပက် အသုံးပြုကြသည်။ သဘာဝမြေသြဇာများ အသုံးပြုပြီး မြေဆီလွှာကောင်းမွန်ရေးအတွက် အထောက်အကူပြုသည်။ |
| သြဂဲနစ်ပိုးသတ်ဆေး | - | - |
| ချေးငွေရရှိမှု | ရှိ | တောင်သူများအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများကို စာရွက်စာတမ်းပြည့်စုံပါက ခွင့်ပြုသောပမာဏကို ချေးယူနိုင်ကြသည်။ |
| သွင်းအားစုဈေးကွက် | ရှိ | ကျုံဒိုးနှင့် ကော့ကရိတ်တို့မှ သွင်းအားစု ဈေးကွက်ကို အလွယ်တကူလက်လှမ်းမှီနိုင်သည်။ |
| ဝန်ဆောင်မှုဈေးကွက် | - | - |
| ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု | ရှိ | ကျုံဒိုးနှင့် ကော့ကရိတ်တို့တွင် ကျေးရွာထုတ်ကုန်များကို အလွယ်တကူရောင်းချကုန်သွယ်နိုင်သည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၂ ရက်၊ ၉ လ၊ ၂၀၁၅ နှစ်)

## ၂.၂.၁.၆။ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

| ပြဿနာ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေယာအသုံးချနိုင်မှု | ရှိ | မြေယာထပ်မံတိုးချဲ့ရန် အခြေအနေမပေးတော့ပါ။ |
| ငွေကြေးအရင်းအနှီးလက်လှမ်းမှီမှု | ရှိ | သက်သာသောအတိုးနှုန်းဖြင့် ချေးငွေလိုသလောက် မရနိုင်ကြပါ။ |
| သွင်းအားစုတတ်နိုင်မှု | မရှိ | သွင်းအားစုများကိုမူ ဈေးကွက်တွင် အလွယ်တကူ ရနိုင်သည်။ |
| ကျွမ်းကျင်လုပ်သားရှားပါးမှု | ရှိ | ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်သူ အရေအတွက်များပြားသဖြင့် လယ်ယာလုပ်သား ရှားပါး ပြတ်လပ်မှုကို လယ်သမားများ ရင်ဆိုင်ရတတ်သည်။ အလုပ်သမားခကြီးမြင့်မှုကြောင့် ထုတ်လုပ်မှုစရိတ် မြင့်တက်သည်။ |
| ဆည်မြောင်းရေရရှိမှု | ရှိ | ဆည်မြောင်းရေမရရှိနိုင်ပါ။ |
| မိုးရေမလုံလောက်မှု | မရှိ | |
| စိုက်ပျိုးရေသွင်းအားစုများအချိန်မှီ အသုံးပြုနိုင်မှု | ရှိ | ဈေးကွက်တွင် စိုက်ပျိုးရေးသွင်းအားစုများကို အလွယ်တကူ ရရှိနိုင်သော်လည်း တောင်သူများမှာ အရင်းအနှီး မလုံလောက်မှုကြောင့် အချိန်မီ အသုံးမပြုနိုင်မှု ရှိတတ်သည်။ |
| ဖျက်ပိုးနှင့်ရောဂါ | ရှိ | တောင်သူများ ဖျက်ပိုးကျရောက်မှု တွေ့ကြုံ ရတတ်သည်။ |
| နည်းပညာအကူအညီနှင့်နည်းလမ်းများ | မရှိ | စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှ နည်းပညာဝန်ဆောင်မှုရနိုင်သော်လည်း မလုံလောက်ပါ။ |
| ဈေးကွက်လက်လှမ်းမှီမှု | ရှိ | ဈေးကွက်ကို အလွယ်တကူ လက်လှမ်းမှီသည်။ |
| အစိုးရမူဝါဒနှင့် အစီအစဉ် | ရှိ | စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ပစ္စည်းများကို အစိုးရ(သို့) ပုဂ္ဂလိက ကုမ္ပဏီများက တောင်သူများအတွက် သက်သာသောနှုန်းထားဖြင့် ငှါးရမ်းနိုင်ရေး စီစဉ်ချမှတ်သင့်သည်။ |
| အခြား(၁) | - | - |
| အခြား(၂) | - | - |
| အခြား(၃) | - | - |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ ( ၁၂ ရက်၊ ၉ လ၊ ၂၀၁၅ နှစ်)

### ၂.၂.၂။ မွေးမြူရေးလုပ်ငန်း

### ၂.၂.၂.၁။ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ (အိမ်ထောင်စု)

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | အိမ်ထောင်စု | မှတ်ချက်/အခြေအနေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၁၁၆ | လယ်ယာလုပ်ငန်းတွင် အသုံးပြုရန်မွေးမြူထားပြီး ကျေးရွာတွင် နွားစာရိက္ခာများ အသင့်အတင့်ရနိုင်ကြသည်။ |
| မြင်း | - | |
| ကျွဲ | ၂ | လယ်ယာလုပ်ငန်ခွင်၏ ရေနက်သည့်နေရာများတွင် အသုံးပြုရန် မွေးမြူထားပြီး ကျေးရွာတွင် နွားစာရိက္ခာများ အသင့်အတင့်ရနိုင်ကြသည်။ |
| မြည်း | - | |
| လား | - | |
| ဆိတ် | ၂၅ | ဆိတ်များမွေးမြူရန် သင့်တင့်သောမြေနေရာများရှိနေပြီး အတော်အသင့် ဖြစ်ထွန်းမှုရှိသည်။ ဆိတ်ကောင်ရေ (၁၅၉) ကောင် မွေးမြူထားရှိသည်။ |
| သိုး | - | |
| ဝက် | ၁၁၃ | ကျေးရွာရှိအိမ်ထောင်စုအားလုံး၏ ၂၅%ခန့်မွေးမြူကြသည်။ |
| ကြက် | ၃၇၃ | ကျေးရွာရှိအိမ်ထောင်စုအားလုံး၏ ၈၁%မွေးမြူကြသဖြင့် မွေးမြူမှုနှုန်း မြင့်မားသည်။ တစ်နိုင်တစ်ပိုင်ကြက်မွေးမြူရေး လုပ်ငန်းရှင်သန်ဖွံ့ဖြိုးအောင် ဂရုတစိုက်ဆောင်ရွက်ကြခြင်းဖြင့် မိသားစုဝင်ငွေတိုးပွါးရေး၊ ဝမ်းစာဖူလုံရေး၊ အာဟာရ ပြည့်ဝရေးတို့အတွက် အလားအလာကောင်းပါသည်။ |
| ဘဲ | ၅၃ | တစ်နိုင်တစ်ပိုင်မွေးမြူထားရှိကြခြင်းဖြစ်သည်။ |
| အခြား | - | - |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | အိမ်ထောင်စု | မှတ်ချက်/အခြေအနေ |
|---|---|---|
| ရေချိုငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | - | - |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | - |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၂ ရက်၊ ၉ လ၊ ၂၀၁၅ နှစ်)

### ၂.၂.၂.၂။ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ

ဇယား (၁၉) ကျေးရွာ၏ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
